## “ **Solar System** အရောင်းအဝယ် – နှစ်ဦးသဘောတူကတိစာချုပ်”

## Matador Lectro 30kW/81.92kWh On and Off Grid Hybrid Solar System (1)Set

### (SO No. TGY-BSO-RE-2025-06-001)

## Contract No. WF/MS- 294/2025

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် တောင်ကြီးမြို့၌ အောက်အမည်ပါသူတို့က Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Solar System ရောင်းချသူ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Winning Way Co., Ltd.)
အမှတ်(၈၅)၊ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံးကျေးရွာ၊တောင်ကြီးမြို့။

Solar System ဝယ်ယူသူ ။ ။ ဦးအောင်နိုင်ဦး (ဘ) ဦးဝဏ္ဏဦး
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၉/ပဥလ(နိုင်)၀၀၃၀၆၅
လုပ်ငန်းအမည်– Shwe Da Gar Petrol Shop
လိပ်စာ– အမှတ်(၅၅)၊ သီတာလမ်း၊သုခချမ်းသာရပ်ကွက်၊
ရွှေညောင်မြို့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၅၅၁၀၀၀၀။

(Solar System ရောင်းချသူ နှင့် & Solar System ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၄င်းတို့ကိုယ်တိုင်အပြင် ၄င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ Solar System ရောင်းချသူသည် ကုမ္ပဏီစီးပွားရေး လုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Solar System ရောင်းချသူ မှ ပိုင်ဆိုင်သော Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set အတွက် တန်ဖိုးငွေ ကျပ်–၁၄၅,၀၀၀,၀၀၀/– (မြန်မာငွေကျပ်– သိန်းတစ်ထောင့်လေးရာ့ငါးဆယ်ကျပ်တိတိ) ကို Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် Solar System ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကို ချုပ်ဆို၍ Solar System ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ Solar System ရောင်းချသူက မိမိရောင်းချသော Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set သည် အသစ်ဖြစ်ကြောင်း နှင့် Warranty အားဖြင့် Solar Panel (၁၂)နှစ်၊ On and Off Grid Inverter (ပစ္စည်းဖိုး+လက်ခ အခမဲ့ (၂)နှစ်+ လက်ခ အခမဲ့ (၁)နှစ်–စုစုပေါင်း (၃)နှစ်) ၊ Lithium Battery (ပစ္စည်းဖိုး+လက်ခ အခမဲ့ (၅)နှစ်)၊ System Warranty (၁)နှစ် အသုံးပြုပြီး သည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ ပစ္စည်းများလက်ခံရရှိချိန်မှစ၍ အာမခံသက်တမ်းကို သတ်မှတ်ခြင်းဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

၃။ System Warranty 1 year အတွင်း တပ်ဆင်ထားသော Solar Panel, On and Off Gird Hybrid Inverter, Lithium Battery နှင့် အခြား Electrical Accessories များ ချို့ယွင်းမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ဖြစ်စဉ်ပေါ်မူတည်ပြီး ယာယီ အစားထိုးသုံးစွဲနိုင်ရန် Solar System ရောင်းချသူဘက်မှ ဝန်ဆောင်မှုပေးပါမည်။ ပစ္စည်းအရည်အသွေးကြောင့် ချို့ယွင်းချက်ဖြစ်ပေါ်ပြီး ပြန်လည်ပြုပြင်၍ မရပါက ချို့ယွင်းပျက်စီးသွားသော ပစ္စည်းအတွက် ပစ္စည်းအသစ်အား (ပစ္စည်းဖိုး+လက်ခ) အခမဲ့ အစားထိုးလဲလှယ်တပ်ဆင်ပေးပါမည်။ ၎င်း အစားထိုးတပ်ဆင်ပေးရသည့် ပစ္စည်းများ၏ သယ်ယူစရိတ်၊ Service Engineer များ၏ စားစရိတ် နှင့် ခရီးစရိတ် တို့အား Solar System ဝယ်ယူသူဘက်မှ တာဝန်ယူကျခံပေးရပါမည်။ System Warranty 1 year ကျော်လွန်သွားပါက တပ်ဆင်ထားသော Solar Panel, On and Off Gird Hybrid Inverter, Lithium Battery များကို သတ်မှတ်ထားသော အာမခံကာလအတွင်း ထုတ်လုပ်သူ၏ အားနည်းချက်ကြောင့် ချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ပစ္စည်းဖိုး အခမဲ့ ပြုပြင်/လဲလှယ်ပေးမည်ဖြစ်ပြီး ယင်းပစ္စည်းအား လဲလှယ်တပ်ဆင်ရသည့် သယ်ယူစရိတ်၊ Service Engineer များ၏ လုပ်အားခ၊ စားစရိတ် နှင့် ခရီးစရိတ် တို့အပါအဝင် ဝန်ဆောင်ခအားလုံးအား Solar System ဝယ်ယူသူဘက်မှ တာဝန်ယူကျခံပေးရပါမည်။ (ရန်သူမျိုးငါးပါးနှင့် သုံးစွဲသူ၏ ပေါ့ဆမှုကြောင့် တပ်ဆင်အသုံးပြုထားသော ပစ္စည်းများ ပျက်စီးပါက ပေးထားသော အာမခံများ အကျုံးဝင်မည်မဟုတ်ပါ။)

၄။ Solar System ဝယ်ယူသူသည် မိမိဝယ်ယူသည့် ပစ္စည်းများကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ဝယ်ယူသည့် Solar System တွင် ချွတ်ယွင်းချက်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ပစ္စည်းများ လက်ခံရယူစဉ် ကတည်းကအကြောင်းကြားခေါ်ယူရမည်။ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲပစ္စည်းများကိုလက်ခံရယူခဲ့ပါက လက်ခံရယူသည့် ပစ္စည်းများသည် မူလအကောင်းပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

<u>ငွေပေးချေခြင်းစနစ်</u>

၅။ Solar System ဝယ်ယူသူသည် Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ်–၄၅,၀၀၀,၀၀၀/– (မြန်မာငွေကျပ်–သိန်းလေးရာ့ငါးဆယ်ကျပ်တိတိ) ကို (၂၀–၆–၂၀၂၅) ရက်နေ့တွင် (RV NO. TGY-RV-2025-06-0023) ဖြင့် ရောင်းချသူ၏တောင်ကြီးရုံးသို့ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၆။ Solar System ဝယ်ယူသူသည် Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set အတွက် ဒုတိယအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ်–၂၇,၅၀၀,၀၀၀/– (မြန်မာငွေကျပ်–နှစ်ရာခုနှစ်ဆယ့်ငါးသိန်းကျပ်တိတိ) ကို Solar System များ Installation စတင်ချိန် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ရောင်းချသူ၏တောင်ကြီးရုံးသို့ပေးချေရန် သဘောတူညီပါသည်။

၇။ Solar System ဝယ်ယူသူသည် Matador Lectro 30kW/ 81.92kWh On and Off Grid Hybrid Solar System (1)Set အတွက် ကျန်ငွေ ကျပ်–၇၂,၅၀၀,၀၀၀/– (မြန်မာငွေကျပ်–ခုနှစ်ရာနှစ်ဆယ့်ငါးသိန်းကျပ်တိတိ) ကို Solar System များ Installation ပြီးချိန် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ရောင်းချသူ၏တောင်ကြီးရုံးသို့ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၈။ Solar System ရောင်းချသူသည် Solar System ဝယ်ယူသူထံသို့ ပစ္စည်းများကို ၂၀၂၅ ခုနှစ် ၊ ဇွန်လတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ Solar System နှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ပစ္စည်းများနှင့် အတူတစ်ပါ တည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ ဝယ်ယူသူမှ လက်ခံရရှိပါသည်။

စာမျက်နှာ(၃)သို့

၉။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် Solar System ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။ (သို့သော် အပိုဒ်(၂)ပါ အာမခံများနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက Winning Way Co., Ltd., (Service Department) ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။)

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို Solar System ရောင်းချသူနှင့် Solar System ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက် အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှု သိရှိကောင်းစွာ နားလည်သဘော ပေါက်ကြပြီး မည်သူတစ်ဦး တစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်း စသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သော သဘောဆန္ဒနှင့် အညီ အောက်ပါ အသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Solar System ရောင်းချသူ | Solar System ဝယ်ယူသူ |
| --- | --- |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးအောင်နိုင်ဦး (၉/ပဥလ(နိုင်)၀၀၃၀၆၅) |
| (for and on behalf of Winning Way Co., Ltd.) | ( Shwe Da Gar Petrol Shop ) |

အသိသက်သေများ

| | | | |
| --- | --- | --- | --- |
| လက်မှတ် | – | လက်မှတ် | – ---------------------- |
| အမည် | – ဖြိုးထက်ကျော် | အမည် | – ---------------------- |
| နသအမှတ် | – ၁၃/တကန(နိုင်)၂၃၆၂၂၇ | နသအမှတ် | – ---------------------- |
| နေရပ် | – အမှတ်(၈၅)၊ ပြည်ထောင်စုလမ်းမကြီး၊ | နေရပ် | – ---------------------- |
| | – တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့။ | | – ---------------------- |

လက်မှတ် –

အမည် – ဒေါ်သက်နွယ်

နသအမှတ် – ၁၃/တကန(နိုင်)၁၄၃၂၇၈

နေရပ် – အမှတ်(၈၅)၊ ပြည်ထောင်စုလမ်းမကြီး၊
တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့။